**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန**
**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

ညွှန်ကြားချက်အမှတ် ( ၁၀၆ /၂၀၂၅)

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်)

**ကုမ္ပဏီ၊ အဖွဲ့အစည်းများအနေဖြင့် မှတ်ပုံတင်အရာရှိက ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်နှင့် အသိပေးကြေညာချက်များကို အလေးထား လိုက်နာရန်ကိစ္စ**

၁။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၁၊ ပုဒ်မခွဲ (ဂ) ပုဒ်မခွဲငယ် (၃၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို ကျင့်သုံး၍ ပုဒ်မ ၄၆၂၊ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) အရ ကုမ္ပဏီ၊ အဖွဲ့အစည်းများ လိုက်နာဆောင်ရွက်ရန်လိုအပ်သည့် အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ ဇယားများနှင့်ပုံစံများကို အခါအားလျော်စွာ ထုတ်ပြန်ကြေညာပေးလျက်ရှိပါသည်။

၂။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ကုမ္ပဏီမှတ်ပုံတင်စနစ်တွင် မှတ်ပုံတင်ထားသော ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၊ စည်းမျဉ်းနှင့် မှတ်ပုံတင်အရာရှိ မှ ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများကို လေးစားလိုက်နာကြရန် တာဝန်ရှိပါသည်။

၃။ ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၉၇ အရ ဖွဲ့စည်းတည်ထောင်ပြီး ၂ လအတွင်း တင်ပြရမည့် **နှစ်စဉ်အစီရင်ခံစာတင်ပြချိန်၌ အောက်ပါအထောက်အထားများကို မှတ်ပုံတင်အရာရှိထံ e-mail ဖြင့်ပေးပို့ရမည်ဖြစ်သည်-**

(က) ကုမ္ပဏီအမည်ဖြင့် ဖွင့်လှစ်ထားသော ဘဏ်စာရင်းအထောက်အထား၊

(ခ) ကုမ္ပဏီ၏ မှတ်ပုံတင်ရုံးခန်းလိပ်စာသည် မြေပြင်တွင်အမှန်တကယ် တည်ရှိကြောင်း ရဲစခန်းမှ ထောက်ခံချက်၊

(ဂ) ဒါရိုက်တာများသည် တင်ပြမှတ်ပုံတင်ထားသောလိပ်စာတွင် အမှန်တကယ် နေထိုင်ကြောင်း ရဲစခန်းမှထောက်ခံချက်၊ နိုင်ငံခြားသား ဖြစ်ပါက ၁၉၄၈ ခုနှစ်၊ နိုင်ငံခြားသားများမှတ်ပုံတင်ရေးနည်းဥပဒေများနှင့် အညီဆောင်ရွက်ထားသော အထောက်အထားများ၊

(ဃ) ကုမ္ပဏီတွင်ပါဝင်သူများသည် လူပုဂ္ဂိုလ်ဖြစ်ပါက တင်ပြမှတ်ပုံတင် ထားသော လိပ်စာတွင် အမှန်တကယ်နေထိုင်ကြောင်း ရပ်ခန်းမှ ထောက်ခံချက်၊ ဥပဒေရေးရာပုဂ္ဂိုလ်/ တရားဝင်အဖွဲ့အစည်း (Legal Person) ဖြစ်ပါက သက်ဆိုင်ရာ အထောက်အထားများ။

၄။ ကုမ္ပဏီတွင်ပါဝင်သူများသည် **အစုရှယ်ယာလွှဲပြောင်းသည့်အခါ** အောက်ဖော်ပြပါ အထောက်အထားများကို ကြော်ငြာထားသည့် e-mail လိပ်စာများသို့ ပေးပို့ရမည်ဖြစ်သည်-

(က) မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေပုဒ်မ ၈၃ အရ အစုရှယ်ယာ လွှဲပြောင်းခြင်းအပေါ် ကုမ္ပဏီ ဒါရိုက်တာအဖွဲ့၏ အတည်ပြု ဆုံးဖြတ်ချက်၊

(ခ) လွှဲပြောင်းသူနှင့် လွှဲပြောင်းလက်ခံသူတို့ လက်မှတ်ရေးထိုးထားပြီး ကျသင့်တံဆိပ်ခေါင်းခွန် ထမ်းဆောင်ထားသော အထောက်အထားပါရှိသည့် သဘောတူစာချုပ် မိတ္တူများ။

၅။ **ကုမ္ပဏီဒါရိုက်တာပြောင်းလဲသည့်အခါ** အောက်ဖော်ပြပါ အထောက်အထားများကို နိုင်ငံသားစိစစ်ရေးကတ်/နိုင်ငံကူးလက်မှတ် မိတ္တူတို့နှင့်အတူ ပူးတွဲတင်ပြရမည်ဖြစ်သည်-

(က) မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပုဒ်မ ၁၇၃ အရ ကျင်းပပြုလုပ်သည့် အစုရှယ်ယာရှင်များ၏ အစည်းအဝေးဆုံးဖြတ်ချက်၊

(ခ) ဒါရိုက်တာခန့်အပ်ခြင်း/နုတ်ထွက်ခြင်းအတွက် ကာယကံရှင်ကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် အထောက်အထား၊ ရာထူးမှရပ်နားခြင်း ဖြစ်ပါက ပုဒ်မ ၁၇၈ အရ အကျိုးအကြောင်းဖော်ပြချက်။

၆။ မှတ်ပုံတင်အရာရှိအနေဖြင့် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများ၏ ဥပဒေလိုက်နာမှု အခြေအနေကို ပိုမိုအလေးထား စိစစ်သွားမည်ဖြစ်ပါ၍ မိမိတို့ လုပ်ငန်းဆောင်ရွက်မှုအတွက် အမှန်တကယ်လိုအပ်ပြီး **အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီများ သီးခြားလိုက်နာကြရမည့်ပြဋ္ဌာန်းချက်များကို တိကျစွာလိုက်နာနိုင်မှသာ**လျှင် အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်သင့်ပါသည်။

၇။ မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီ အဖွဲ့အစည်းများကို စီးပွားရေးလုပ်ငန်း လုပ်ဆောင်နိုင်ရန် မှတ်ပုံတင်ပေးခြင်းသာဖြစ်ပြီး ယင်း**ကုမ္ပဏီ အဖွဲ့အစည်းများအနေဖြင့် မိမိတို့လုပ်ငန်းအလိုက် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ ဦးစီးဌာနများမှ ချမှတ်ထားသော ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို အပြည့်အဝလိုက်နာကြရန်၊** ပျက်ကွက်မှုတစ်စုံတစ်ရာကြောင့် သက်ဆိုင်ရာဌာနများ၏ အရေးယူခြင်းခံရပါက မှတ်ပုံတင်အရာရှိမှလည်း လိုအပ်သော အရေးယူဆောင်ရွက်မှုများကို ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ပါသည်။

၈။ **ကုမ္ပဏီများ၊ ကုမ္ပဏီအရာရှိများအနေဖြင့် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေအပါအဝင် တည်ဆဲဥပဒေများကို လိုက်နာရန်ပျက်ကွက်ခြင်း၊ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ချိုးဖောက်ခြင်း မျိုးရှိပါက အခြားသောကုမ္ပဏီတစ်ခုခုတွင် ပါဝင်မှုကိုကန့်သတ်ခြင်း** အပါအဝင် လိုအပ်သော အရေးယူဆောင်ရွက်မှုများကို လုပ်ဆောင်သွားမည်ဖြစ်ပါသည်။ ထို့အပြင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ဆက်စပ်သော စိစစ်မှုများကိုလည်း ဆောင်ရွက်သွားပါမည်။

၉။ **ကုမ္ပဏီအသစ်ဖွဲ့စည်းရန်တင်ပြလာသည့်အခါ ဒါရိုက်တာအဖြစ် ဆောင်ရွက်မည့် ပုဂ္ဂိုလ်များသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအပါအဝင် အခြားတည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်ထားခြင်းရှိ မရှိ စိစစ်ပြီး အတည်ပြုလက်ခံပေးမည်** ဖြစ်ပါသည်။

၁၀။ သို့ဖြစ်ပါ၍ ကုမ္ပဏီအသစ်ဖွဲ့စည်းမှတ်ပုံတင်ခြင်းနှင့် ကုမ္ပဏီများမှ မှတ်ပုံတင်စနစ်တွင် မှတ်ပုံတင်ရန် တင်ပြလာသော တင်ပြချက်များအတွက် မှတ်ပုံတင်အရာရှိမှ လိုအပ်သော အထောက်အထားများ တောင်းခံခြင်းအပေါ်တွင် အလေးထား လိုက်နာဆောင်ရွက်ကြရန် ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

(သန့်စင်လွင်)
ညွှန်ကြားရေးမှူးချုပ်
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

စာအမှတ် ၊ ၂၂ / ၂၂ / ၀၂ ( ၀၉၉၆ /၂၀၂၅)
ရက်စွဲ ၊၂၀၂၅ ခုနှစ်၊စက်တင်ဘာလ ၁ ရက်